## နိဗ္ဗာန်၌ မရှိသောတရားနှင့် ရှိသောတရား

နိဗ္ဗာန်၌ မရှိသောတရား

" ယတော တွံ မာလုကျပုတ္တ န တတ္ထ။ တတော တွံ မာလုကျပုတ္တ နေဝိဓ, န ဟုရံ, န ဥဘယမန္တရေန၊ ဧသေဝန္တော ဒုက္ခဿ။"

မာလုကျာ၏သားဖြစ်သော ရဟန်း၊ အကြင်အခါ၌ သင်သည် ထိုမြင်ရသော အဆင်း၌လည်း မတည်ပဲရှိ လတံ့။ မာလုကျာ၏သား ဖြစ်သောရဟန်း ထိုသို့မတည်သောအခါ၌ သင်ဟုဆိုအပ်သော ရုပ်နာမ်အစဉ်သည် ဤလူ့လောက၌လည်းမရှိ၊ ဟိုလောက၌လည်း မရှိ၊ (ဤလောက ဟိုလောက ဆိုသည့် ၂ ပါးကြည့်၍) အခြား၌လည်း မရှိပြီ။ ဤသို့ သင်(ဟုဆိုအပ်သော ရုပ်နာမ်အစဉ်)၏ မရှိခြင်း သည်ပင်လျှင် ဆင်းရဲခြင်း၏ အဆုံးပေတည်း။ ဆင်ရဲခြင်းကုန်ဆုံးရာ နိဗ္ဗာန်ပေတည်းဟု မြတ်စွာဘုရားရှင်က မာလုကျပုတ္တမထေရ်ကို မိန့်တော်မူခဲ့သည်။

မဟာစည်ဆရာတော်ကြီး ပြန်လည်ဟောကြားသော မာလုကျပုတ္တသုတ်တော်တွင် ဤ၌လည်း သင်မရှိဆိုသည်မှာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုသော ဒွါရ ၆ ပါးတွင်လည်း မရှိ၊ ဟိုလောက၌လည်း မရှိဆိုသည်မှာ အဆင်း အသံ အနံ့ အရသာ အတွေ့ သဘောအာရုံဆိုသည့် ၆ ပါးသော အာရုံတို့တွင်လည်း မရှိ၊ ထို ၂ပါးကြည့်၍ အခြား၌လည်း မရှိဆိုသည်မှာ မြင်သိ ကြားသိ နံ့သိ စားသိ ထိသိ ရှုသိဆိုသော ဝိညာဏ် ၆ ပါး၌ လည်း မရှိဟု အကျယ်ရှင်းထားပါသည်။

လောက ၃ ပါး ဖြစ်သည့် သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက တို့တွင် ရှိရှိသမျှ သက်ရှိ သက်မဲ့တို့သည် ရုပ်ဓါတ် နာမ်ဓါတ်များဖြင့်သာ ဖွဲ့စည်းထားသော ရုပ်အစုအဝေး

နာမ်အစုအဝေးများဖြစ်သည်။ ထိုတစ်စုတစည်းတည်း ပေါင်းစုနေသည့် ရုပ်နာမ်ခန္ဓာများဖြင့် ကင်း၍ ဖြစ်မလာ။ လောက ၃ ပါးတွင် ရုပ်နာမ်များဖြင့် ပြည့်နှက်နေသည်။ အချို့က ပြောကြသည် အာကာသ ဟင်းလင်းပြင်တွင် မည်သည့် ရုပ်မျှ မရှိသော လဟာကြီးဖြစ်သည်။ အမှန်မှာ မိုက်ခရိုစကုပ်ဖြင့်ပင် မမြင်ရသော ပရမာဏုမြူခေါ် ရုပ်အခြေခံ အမှုန်လေးများ(ရုပ်ကလပ်)ရှိနေကြောင်း မသိခြင်းပင်။ နိဗ္ဗာန်၌မူ ထိုထိုသော ရုပ်နာမ်များ မရှိ။ ကင်းဆိတ်၍ နေသည်။ ထိုကြောင့် နိဗ္ဗာန်သည် လောက ၃ ပါး အတွင်း၌မရှိ။ မဟာစည်ဆရာတော်ကြီးက "ငါ မရှိတာ ဆင်ရဲဆုံးရာနိဗ္ဗာန်ပဲ။ ရဟန္တာများ ပရိနိဗ္ဗာန်စံသောအခါ ငါလို့ ဆိုစရာ ရုပ်နာမ်တွေ ဘယ်မှာမှ မရှိတော့ဘူး။ ပရိနိဗ္ဗာန်စုတိစိတ်ချုပ်သည်နှင့် အကုတ်လုံးကင်းသွားတယ်။ ဒါကို ဆင်ရဲဟူသမျှ ကင်းဆိတ်ရာ အနုပါဒိသေသနိဗ္ဗာန်ပါပဲ" လို့ ဟောကြားထားပါသည်။

နိဗ္ဗာန်၌ ရှိသောတရား

အထက်တွင် တင်ပြခဲ့သလို ရုပ်နာမ်ကင်းဆိတ်သည့်သဘောကို အချို့က လွဲမှားစွာ နားလည်ကြပြန်သည်။ နိဗ္ဗာန်၌ဘာမျှ မရှိ။ ဤသို့ ထင်မြင်ပုံမှာ ယခုမှ မဟုတ် ဘုရားရှင်လက်ထက်တော်က ယမကရဟန်းက ရဟန္တာသေလျှင် ဘာမျှမရှိ ပြတ်ပြီဟု အယူစွဲနေခဲ့ဘူးသည်။ ထိုအယူမှားကို အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး ချေချွတ်ပေးခဲ့ပုံကို မိုးကုတ်ဆရာတော်ကြီး ဟောကြားသော တရားမှ ကောက်နုတ်တင်ပြပါဦးမည်။

ရဟန်းများက ယမကရဟန်းသည် ရဟန္တာသေလျှင် ဘာမှမရှိ ပြတ်ပြီဆိုသည့် အယူစွဲနေကြောင်း အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးထံ လျှောက်ကြသည်။ ရဟန်းတွေက သူတင်ယူတာမဟုတ်၊ ဘုရားကဟောပါသည်ဟု ဘုရားရှင်ပါ ဥစ္ဆေဒဒိဋ္ဌိဖြစ်နေကြောင်း

ယူဆနေသည်ဟု ပိုင်းလျှောက်ပါသည်။

ထိုအခါ အရှင်သာရိပုတ္တရာက ယမကရဟန်းကိုမေးသည်။

မေး - ယမကရေ ခန္ဓာ ၅ ပါးရှိသလား။

ဖြေ - ရှိပါတယ်ဘုရား။

မေး - ရုပ်တရားကို ရဟန္တာခေါ်သလား။

ဖြေ - ရုပ်တရားကို ရဟန္တာမခေါ်ပါဘူးဘုရား။

မေး - ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် တွေကိုရော ရဟန္တာခေါ်သလား။

ဖြေ - ရဟန္တာမခေါ်ပါဘူးဘုရား။

မေး - ရုပ်ထဲမှာ၊ ခန္ဓာ ၅ ပါးထဲမှာကော ရဟန္တာရှိသလား။

ဖြေ - မရှိပါဘူးဘုရား။

မေး - ခန္ဓာ ၅ ပါး အပေါင်းကော ရဟန္တာခေါ်သလား။

ဖြေ - ရဟန္တာမခေါ်ပါဘူးဘုရား။

မေး - ခန္ဓာ ၅ ပါး မဟုတ်တဲ့ တစ်ပါးသောတရားကို ရဟန္တာဆိုမလား။

ဖြေ - ဒီလိုလဲ မဟုတ်ပါဘုရား။

မေး - ရဟန္တာသေရင် ဘာမှ မဖြစ်တော့ဘူးဆိုတာ ဘယ်မတုန်း ရဟန္တာပြောပါဦး။

ဖြေ - အရှင်ဘုရား ဒိဋ္ဌိကိန်းနေတုန်းက တပည့်တော် ပြောခဲ့တာပါဘုရား။

ဒိဋ္ဌိကို ရှေးဦးစွာ အသိနဲ့ ပြုတ်သွားသည်ဟု မှတ်ထိုက်ပါသည်။ သက္ကာယဒိဋ္ဌိ တန်းလန်းနှင့်

ရဟန္တာဆိုသော ပုဂ္ဂိုလ်၊ သတ္တဝါ အမည်ပညတ်ကို အစွဲပြုပြီး မေးလျှင် ပြတ်သည်၊ မပြတ်ဟု ဖြေရန်မသင့်ပါ။ ဖြေလျှင်လည်း သဿတ၊ ဥစ္ဆေဒ ဒိဋ္ဌိ တစ်ခုခု ဖြစ်တော့မည်။ သတိပြုသင့်ပါသည်။

ဆက်လက်၍

မေး - ခန္ဓာ ၅ ပါး က နိစ္စလား၊ အနိစ္စလား။

ဖြေ - အနိစ္စပါ ဘုရား။

မေး - ဒုက္ခလား။ သုခလား။

ဖြေ - ဒုက္ခပါဘုရား။

မေး - ဖောက်ပြန်တတ်တဲ့ သဘောရှိလို့ ငါ့ကိုယ်ငါ့ဟာလို့ ဆိုနိုင်သလား။

ဖြေ - မဆိုနိုင်ပါဘူး ဘုရား။

အေး..ကောင်းပြီး ခန္ဓာကို ဉာဏ်နဲ့လှည့်တော့လို့ အရှင်သာရိပုတ္တရာက ပြောရာ အရှင်ယမက သောတာပန်တည်သွားသည်။

သောတာပန်တည်ပြီးနောက် ဒိဋ္ဌိကို အပွါးပြုတ်မှ အရှင်သာရိပုတ္တရာကဆက်မေးတယ်။

မေး - ရဟန္တာသေလျှင် ဘာမှမဖြစ်ဘူး ဆိုတဲ့ မင်းအယူဂါဒကို ကျန်ရဟန်းတွေလာမေးရင် မင်းဘယ်လိုဖြေမတုန်း။

ဖြေ - တပည့်တော်ဒီလိုဖြေပါ့မယ်ဘုရား။ ခန္ဓာ ၅ ပါးက ဒုက္ခဖြစ်တဲ့ တရားပါ။ ရဟန္တာသေတာ ဒုက္ခကုန်တာ ဒုက္ခဆုံးတာပါဘုရား။ နိဗ္ဗာန်ဆိုတာ မရှိတာမဟုတ်ဘူး၊ ဒုက္ခသာဆုံးသွားတာ သုခရှိပါတယ်ဘုရား။

ဤနေရာတွင် အရှင်သာရိပုတ္တရာက နောင်တဖန်ဖြစ်ရင် ဒုက္ခ၊ နောင်တဖန်မဖြစ်ရင် သုခပဲလို့

အင်္ဂုတ္တိုရ်မှာ တိုတိုနဲ့ အဓိပ္ပါယ်ဖွင့်ခဲ့တယ်။ ခန္ဓာ ၅ ပါးက ဒုက္ခသစ္စာတရား။ ခန္ဓာရှိလျှင် ဒုက္ခရှိ။ ခန္ဓာနောင်တဖန်မဖြစ်ရင် နိဗ္ဗာန်ပဲ၊ ခန္ဓာတော့မရှိ။ သုခဓမ္မ သက်သက်ရှိ၏လို့ ဆိုပါတယ်။ မှတ်သားထိုက်ပါသည်။ အမှန်မှာ နိဗ္ဗာန်တွင် တစ်ခုတည်းသော ကိုယ်ပိုင်လက္ခဏာဖြစ်သည့် စိတ်ကို ပူလောင်စေတတ်သော ကိလေသာအပူမီးများ ငြိမ်းသတ် ချုပ်ပျောက်ကုန်ဆုံးခြင်းကြောင့် ဖြစ်ပေါ်လာသော သန္တိသုခ အငြိမ်းဓါတ် ဟုခေါ်ဆိုအပ်သော ပရမတ္ထတရားလည်းဖြစ်သော အသင်္ခတနိဗ္ဗာနဓါတ် ရှိသည်ဟု မှတ်ယူရပါမည်။

ချမ်းသာစစ်နှင့် ပြည့်စုံကြပါစေ။

ပြေဇော်